# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ရန်ကုန်

စကားပြောကြေးနန်း

| | |
|---|---|
| ပါမောက္ခချုပ် | - ၀၁-၃၉၅၂၀၈ |
| Fax | - ၀၁-၃၉၅၂၁၂ |
| ဌာနမှူး(စီမံ) | - ၀၁-၃၉၅၂၁၀ |
| ဒုတိယညွှန်ကြားရေးမှူး | - ၀၁-၃၉၅၂၀၉ |
| မော်ကွန်းထိန်း | - ၀၁-၃၉၅၃၆၇ |
| ငွေစာရင်း | - ၀၁-၃၉၅၂၁၁ |
| ရုံး | - ၀၁-၃၉၅၂၁၃ |


စာအမှတ်၊၃/ကသရ/၂၀၁၉(၅၁(မှ၈ )တကာသ။
ရက်စွဲ၊၂၀၁၉ ခုနှစ်၊ ဇူလိုင်လ( ၂၂ )ရက်။

အကြောင်းအရာ။ (၂၀၂၀) ပညာသင်နှစ် ဘွဲ့လွန်သင်တန်းများဝင်ခွင့် လျှောက်လွှာခေါ်ယူခြင်း။

(၂၀၂၀) ပညာသင်နှစ်အတွက် ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ရန်ကုန်တွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါဘွဲ့လွန်သင်တန်းများ ဝင်ခွင့်လျှောက်လွှာများကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ မိမိတို့ဦးစီးဌာနတက္ကသိုလ်များရှိ ဝန်ထမ်းများ လျှောက်ထားနိုင်ရေးအတွက် လိုအပ်သလိုဆောင်ရွက်ပေးပါရန် ဝင်ခွင့်လျှောက်လွှာခေါ်စာ(၂)စုံစီကို ဤစာနှင့်အတူ ပူးတွဲ ပေးပို့တင်ပြအပ်ပါသည်။

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| ၁။ | ပြည်သူ့ကျန်းမာရေးမဟာဘွဲ့သင်တန်း | (၁)နှစ် |
| ၂။ | ဆေးရုံအုပ်ချုပ်မှုပညာမဟာဘွဲ့သင်တန်း | (၁)နှစ် |
| ၃။ | ပါရဂူဘွဲ့ (ပြည်သူ့ကျန်းမာရေး)သင်တန်း | (၃)နှစ် |

(ပါမောက္ခဒေါက်တာလှလှဝင်း)
ပါမောက္ခချုပ်
ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ရန်ကုန်

**ဖြန့်ဝေခြင်း**

၁။ ညွှန်ကြားရေးမှူးချုပ်၊ ဦးစီးဌာနများအားလုံး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန။
၂။ ပါမောက္ခချုပ်၊ (ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ တက္ကသိုလ်များအားလုံး)
၃။ ---------------------------------တိုင်းဒေသကြီးဦးစီးဌာနမှူး/ပြည်နယ်ဦးစီးဌာနမှူး၊ ကုသရေးဦးစီးဌာန။
၄။ ---------------------------------တိုင်းဒေသကြီးဦးစီးဌာနမှူး/ပြည်နယ်ဦးစီးဌာနမှူး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန။
၅။ ဘွဲ့လွန်သင်တန်းသားရွေးချယ်ရေးအဖွဲ့ဝင်များအားလုံး။
၆။ ကြော်ငြာသင်ပုန်း။
၇။ ရုံးလက်ခံ/ မျှောစာတွဲဖိုင်။

မိတ္တူကို-

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်

ရက်စွဲ၊ ၂၀၁၉ခုနှစ်၊ ဇူလိုင်လ( ၁၁ ) ရက် ။

## ၂၀၂၀ ပညာသင်နှစ်
## ပါရဂူဘွဲ့(ပြည်သူ့ကျန်းမာရေး)သင်တန်းအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ (၂၀၂၀) ပညာသင်နှစ်အတွက် ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ရန်ကုန်တွင် ဖွင့်လှစ်သင်ကြားမည့် ပါရဂူဘွဲ့(ပြည်သူ့ကျန်းမာရေး) (၃)နှစ်သင်တန်းသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူနိုင်ငံ့ဝန်ထမ်း များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၂။ လိုအပ်သောအရည်အချင်း

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ပြည်သူ့ကျန်းမာရေးမဟာဘွဲ့(MPH) (သို့မဟုတ်) ဆေးပညာမဟာသိပ္ပံဘွဲ့(ပြည်သူ့ကျန်းမာရေး) M.Med.Sc(Public Health) (သို့မဟုတ်) ဆေးပညာမဟာသိပ္ပံဘွဲ့(ကာကွယ်ရေးနှင့်အပူပိုင်းဆေးပညာ) (M.Med.Sc(P&TM)) ရရှိသူ (သို့မဟုတ်)ပြည်သူ့ကျန်းမာရေးဆိုင်ရာမဟာဘွဲ့ တစ်ခုခုရရှိပြီး MPH အတွက် အနည်းဆုံး လိုအပ်သည့် ဘာသာရပ်များ၏ Credit ပြည့်မီသူဖြစ်ပြီး လျှောက်လွှာပိတ်သည့်ရက်တွင် မဟာဘွဲ့ရရှိပြီးနောက် ခွင့်ရက်မပါ အနည်းဆုံး လုပ်သက်(၂)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။

(ဂ) တစ်ခုထက်ပိုသော မဟာဘွဲ့/ ဆေးပညာမဟာသိပ္ပံ ဘွဲ့ရရှိထားသူဖြစ်ပါက လျှောက်လွှာပိတ်သည့်ရက်တွင် ပထမ မဟာဘွဲ့/ ဆေးပညာမဟာသိပ္ပံဘွဲ့ (ပြည်တွင်း/ ပြည်ပ)ရရှိပြီးနောက် ခွင့်ရက်မပါ အနည်းဆုံး လုပ်သက်(၂)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။

(ဃ) ပြည်ပ၌ မိမိအစီအစဉ်ဖြင့် ဘွဲ့လွန်ရရှိပြီးမှ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ပြီး ပါရဂူဘွဲ့လွန်သင်တန်းဝင်ခွင့် လျှောက်ထားလာပါက လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ စုစုပေါင်း လုပ်သက်(၄)နှစ်ရှိသူဖြစ်ရမည်။

(င) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(စ) ပါရဂူဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာတွင် အောက်ပါအချက်များကိုပြည့်စုံမှန်ကန်စွာဖော်ပြပါရှိရမည်-

(က) အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ လက်ရှိရာထူး/ဌာန၊ အမြဲတမ်းလိပ်စာနှင့် ဖုန်းနံပါတ် ဆက်သွယ်ရန်လိပ်စာနှင့်ဖုန်းနံပါတ်၊

(ခ) အဘအမည်၊

(ဂ) အစိုးရဝန်ထမ်းအဖြစ် စတင်ထမ်းဆောင်သည့်နေ့ရက်/လ/ခုနှစ်နှင့် အမှုထမ်းသက်၊

(ဃ) အသက်နှင့်မွေးသက္ကရာဇ်၊(အသက်ထောက်ခံစာတင်ပြရမည်)

(င) ဆမအမှတ်(                    )ရက်စွဲ (သို့မဟုတ်) သက်ဆိုင်ရာလိုင်စင်အမှတ်၊

(စ) ပညာအရည်အချင်း၊

(ဆ) အမှုထမ်းသက်မှတ်တမ်းအပြည့်အစုံ

(ဇ) ပြည်တွင်း/ပြည်ပသင်တန်းတစ်ခုခုသို့တက်ရောက်ခွင့်လျှောက်ထားခြင်း (သို့မဟုတ်) ဝင်ခွင့်စာမေးပွဲ ဖြေဆိုထားခြင်းရှိ/မရှိ၊

၄။ လျှောက်လွှာနှင့်အတူအောက်ပါတို့ကိုပူးတွဲပေးပို့ရမည်-

(က) လျှောက်လွှာတွင်ဖော်ပြထားသည့်အချက်အလက်များသည်မှန်ကန်မှုရှိပါကြောင်း ကိုယ်တိုင်လက်မှတ်ရေးထိုးထားသောခံဝန်ချက်၊

(ခ) ဘွဲ့လက်မှတ်မိတ္တူများ၊

(ဂ) ဆေးပညာဘွဲ့သင်တန်းနှင့် မဟာဘွဲ့သင်တန်းအမှတ်စာရင်း (Grading Certificate)၊ မိတ္တူများ

(ဃ) ဓါတ်ပုံ(၃)ပုံ (လိုင်စင်ဓါတ်ပုံ)၊

(င) အသက်ထောက်ခံစာ (သို့မဟုတ်) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ

(စ) ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ရန်ကုန်၏ မြန်မာ့စီးပွားရေးဘဏ်၊ဘဏ်ခွဲ(၅)၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသောငွေစာရင်းအမှတ်MD-၀၁၂၆၂၂သို့ ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့် စာမေးပွဲကြေးကျပ်-၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ) ကို ပေးသွင်းထားသည့်ချလံမူရင်း(၁)စောင်၊

(**မှတ်ချက်**။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅)၊ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသော ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ရန်ကုန်၏ ငွေစာရင်းအမှတ် MD-၀၁၂၆၂၂သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၅။ လျှောက်လွှာကို သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးမှ တစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာနဝန်ထမ်းအဖွဲ့အစည်း

အကြီးအမှူး၏ ထောက်ခံချက်ပါရှိရမည်။ သတ်မှတ်ချက်အတိုင်း လျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများကို လုံးဝထည့်သွင်းစဉ်းစားခြင်းမပြုပါ။

၆။ ကြိုတင်မိတ္တူတစ်စောင်ကို ချလံမူရင်းနှင့်တကွ ပါမောက္ခချုပ်၊ ပြည်သူ့ကျန်းမာရေး တက္ကသိုလ်၊ ရန်ကုန်သို့ လိပ်မူ၍ မပျက်မကွက် ပေးပို့ရမည်။

၇။ လျှောက်လွှာများကို ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်သို့ (၂၃-၈-၂၀၁၉)ရက် (သောကြာနေ့) နောက်ဆုံးထား၍ ပေးပို့ရမည်။ မပြည့်စုံသည့်လျှောက်လွှာများနှင့် လျှောက်လွှာ ပိတ်ရက်ထက် နောက်ကျရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။

၈။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို (၂၃-၉-၂၀၁၉)ရက် (တနင်္လာနေ့)မှစ၍ ပြည်သူ့ ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်၌ ထုတ်ပေးမည်။

၉။ သင်တန်းဝင်ခွင့် အရည်အချင်းစစ်ရေးဖြေစာမေးပွဲကို(၂၆-၉-၂၀၁၉)ရက်(ကြာသပတေး နေ့)တွင် ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ရန်ကုန်၌ အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပ ပြုလုပ်မည်-

| စဉ် | ဘာသာရပ် | စစ်ဆေးမည့် နေ့ရက် | စစ်ဆေးမည့် အချိန် | မေးခွန်းပုံစံ |
|---|---|---|---|---|
| ၁။ | အင်္ဂလိပ်စာ ဘာသာရပ် | ၂၆-၉-၂၀၁၉ (ကြာသပတေးနေ့) | (၀၉ : ၀၀)မှ (၁၁:၀၀)နာရီထိ | |
| ၂။ | ကျွမ်းကျင် ဘာသာရပ် | ״ | (၁၃:၀၀)မှ (၁၆:၀၀)နာရီထိ | Essay Type (၃)နာရီမေးခွန်း |

၁၀။ လူတွေ့နှုတ်ဖြေစစ်ဆေးမည့်ရက်ကို လူတွေ့နှုတ်ဖြေ ဖြေဆိုခွင့်ရရှိသူစာရင်း ထုတ်ပြန် ကြေညာသည့်အခါတွင် ဖော်ပြပါမည်။

၁၁။ သင်တန်းတက်ရောက်ခွင့်ရရှိသူများသည် ဘွဲ့လွန်သင်တန်းစည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာမည်ဖြစ်ကြောင်းနှင့် ဘွဲ့လွန်သင်တန်းအောင်မြင်ပြီးနောက် နိုင်ငံ့ဝန်ထမ်းအဖြစ် မိမိ တာဝန်ကျရာ မည်သည့်ဒေသတွင်မဆို ဆက်လက်တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ကတိ ခံဝန်ချုပ် ချုပ်ဆိုရမည်ဖြစ်သည်။

၁၂။ သင်တန်းကိုတက်ရောက်ရန် ရွေးချယ်ခြင်းခံရပြီးမှ သင်တန်းတက်ရောက်ရန် ပျက်ကွက်လျှင် နောင်ပညာသင်နှစ်(၂)နှစ် ပြည်တွင်း/ပြည်ပ ဘွဲ့လွန်သင်တန်းများသို့ လျှောက်ထားခွင့်မရှိပါ။

၁၃။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီး တက်ခွင့်ရစာရင်းထုတ်ပြန်ပြီးမှ သင်တန်းသို့ မတက်ရောက်လျှင်ဖြစ်စေ (မှတ်ပုံတင်ခြင်း ပြုသည်ဖြစ်စေ/မပြုသည်ဖြစ်စေ) သင်တန်းကို ပြီးဆုံးအောင် မတက်ရောက်လျှင်ဖြစ်စေ သင်တန်းတက်ရောက်အောင်မြင်ပြီးနောက် သတ်မှတ်ထားသည့်ကာလအတိုင်း နိုင်ငံ့တာဝန်ကို မထမ်းဆောင်လျှင်ဖြစ်စေ သတ်မှတ်ထားသော လျော်ကြေးငွေကို ပေးလျော်ရမည်ဖြစ်သည်။

၁၄။ သင်တန်းအလိုက် တက်ရောက်ခွင့်ပြုမည့် လျာထားဦးရေ သတ်မှတ်ချက်ကို ဤတက္ကသိုလ်၏ Website မှတစ်ဆင့် ကြေညာမည်ဖြစ်ပါသည်။ လျာထားဦးရေမည်မျှရှိစေကာမူ သတ်မှတ်အရည် အချင်း ရမှတ်မပြည့်မီပါက ရွေးချယ်ခြင်းမပြုပါ။

၁၅။ အသေးစိတ် အချက်အလက်များကို စာမေးပွဲ/ဘွဲ့နှင်းသဘင်ဌာန၊ ပြည်သူ့ကျန်းမာရေး တက္ကသိုလ်၊ ရန်ကုန် ဖုန်းနံပါတ်(၀၁-၃၉၅၂၀၉/ ၀၁-၃၉၅၃၆၇/ ၀၁-၃၉၅၂၁၃(လိုင်းခွဲ-၁၅))တို့ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။(သို့မဟုတ်)ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်၏ Website-http://uph-myanmar.gov.mm သို့လည်း ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

(ပါမောက္ခဒေါက်တာလှလှဝင်း)
ပါမောက္ခချုပ်
ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ရန်ကုန်

စာအမှတ်၊ ၁၄/ကသရ/၂၀၁၉ ( ၁၁၇၀ )တကသ။
ရက်စွဲ၊ ၂၀၁၉ခုနှစ်၊ ဇူလိုင်လ ( ၁၁ ) ရက် ။